UMG
Sales & Marketing Dep

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
K 250
၂၅၀ ကျပ်
ငွေနှစ်ရာ့ငါးဆယ်ကျပ်

( ၁ )

# "မီးစက်အရောင်းအဝယ်– နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Yamaha Generator EDL18000STE (Silent Type) 18KVA (1)Unit**

**(SO No. YGN-BSO-UNT-2025-01-0004)**

**(Sr No. Q9CJ100162)**

**Contract No. WF-MS- 058/2025**

၂၀၂၅ခုနှစ်၊ဇန်နဝါရီလ(၂၄)ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Brand New Yamaha Generator EDL18000STE(Silent Type)18KVA (1)Unit မီးစက် အရောင်းအဝယ်သဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆို ကြသည်မှာ–

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် – ၁၂/မရက(နိုင်)၁၁၄၄၁၁
(for and on the behalf of Winning Way Co., Ltd.)
အမှတ်(၃၈)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ရန်ကုန်–ပုသိမ်အဝေးပြေးလမ်းမကြီး၊
ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

မီးစက်ဝယ်ယူသူ ။ ။ ဦးကျော်ဝင်း (ဘ) ---------------
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် – ၉/မကန(နိုင်)၁၀၀၃၄၉
လိပ်စာ– အမှတ်(၇၀)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေပြည်သာစက်မှုဇုန်(၄)၊
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၉–၅၅၁၇၇၇၅။

(မီးစက်ရောင်းချသူနှင့် မီးစက်ဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၄င်းတို့ကိုယ်တိုင်အသီးသီးတို့အပြင် ၄င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများအားလုံး ပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

<u>အရောင်းအဝယ်ပြုတန်ဖိုးသတ်မှတ်ခြင်း</u>

၁။ မီးစက်ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် မီးစက်ရောင်းချသူမှ ပိုင်ဆိုင်သော Brand New Yamaha Generator EDL18000STE (Silent Type) 18KVA (1)Unit အတွက် တန်ဖိုးငွေ USD –3,400/- (USD – Three Thousand and Four Hundred Only) (ကုန်သွယ်လုပ်ငန်းခွန်အပါအဝင်ဈေးနှုန်း) ကို ကာလပေါက်ဈေးနှင့်ညီမျှသော မြန်မာကျပ်ငွေ Landed Customer Site နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်း လာသည်ကို မီးစက်ဝယ်ယူသူမှ သဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူ စာချုပ်ကိုချုပ်ဆို၍ အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါ စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီး ဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်"ဟူသောစကားရပ်တွင် လက်ငင်းရောင်းချသည့် မူလမီးစက်နှင့်စက်အပိုပစ္စည်းများ၊ မီးစက်ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် မီးစက်ဝယ်ယူသူမှ မိမိသဘောအလျောက် မီးစက်ရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့်စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ မီးစက်ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင်မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးလက်ခံရမည်။

၄။ ရောင်းချလိုက်သည့်မီးစက်ကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှစ၍ (၁)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်း လက်ခံရမည့်နေ့မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်း လက်ခံရယူခြင်း မရှိပါက အခြားဝယ်ယူမည့်သူများသို့ မီးစက်ကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်းလက်ခံရရှိသည့်အခါမှသာ မီးစက်ကိုရရှိနိုင်မည်ဖြစ်ကြောင်း မီးစက်ဝယ်ယူသူမှ သဘောတူပါသည်။

စာမျက်နှာ(၂)သို့

CS CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
ငွေနှစ်ရာငါးဆယ်ကျပ်
၂၅၀ ကျပ် K 250

( ၂ )

<u>ငွေပေးချေခြင်းစနစ်</u>

၅။ မီးစက်ဝယ်ယူသူသည် Brand New Yamaha Generator EDL18000STE (Silent Type) 18KVA (1)Unit အတွက် တန်ဖိုးငွေ USD –3,400/- (USD – Three Thousand and Four Hundred Only) ကို ကာလပေါက်ဈေးနှင့် ညီမျှသောမြန်မာကျပ်ငွေဖြင့် ၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီလ စာချုပ်ချုပ်ဆိုချိန်တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

<u>ရောင်းချသူ၏တာဝန်များ</u>

၆။ မီးစက်ရောင်းချသူသည် မီးစက်ဝယ်ယူသူထံသို့ မီးစက်ကို ၂၀၂၅ခုနှစ် ၊ ဇန်နဝါရီလတွင် ကုမ္ပဏီ၏ ပစ္စည်းထုတ်ပြေစာနှင့်တကွ မီးစက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို စက်နှင့်အတူတစ်ပါတည်း လက်ရောက် လွှဲပြောင်းပေးအပ်ရန် သဘောတူပါသည်။

၇။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၈။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့် ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက **Winning Way Co., Ltd.** အထွေထွေမန်နေဂျာ **(General Manager)** နှင့် မီးစက်ဝယ်သူဘက်မှ တာဝန်ယူ ဆုံးဖြတ်နိုင်သည့်ပုဂ္ဂိုလ်တို့၏ နှစ်ဦးနှစ်ဖက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် သဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို မီးစက်ရောင်းချသူနှင့်မီးစက်ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

<u>မီးစက်ရောင်းချသူ</u>

(signature) 28/1/25

ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)
(for and on the behalf of Winning Way Co., Ltd)

<u>မီးစက်ဝယ်ယူသူ</u>

(signature)

ဦးကျော်ဝင်း (၉/မကန(နိုင်)၁၀၀၃၄၉)

<u>အသိသက်သေများ</u>

လက်မှတ် – (signature)
အမည် – စည်သူအောင်
နိုင်ငံသားအမှတ် – ၁၂/အစန(နိုင်)၂၀၄၂၄၇
နေရပ် – အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန်
– လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် – (signature)
အမည် – [illegible]
နိုင်ငံသားအမှတ် – [illegible]
နေရပ် – ________________
– ________________

လက်မှတ် – (signature)
အမည် – ဦးညွန့်ဝေစိုး
နိုင်ငံသားအမှတ် – ၈/ခမန(နိုင်)၁၇၈၇၆၉
နေရပ် – အမှတ်(၃၈)၊ ရွှေသံလွင်စက်မှုဇုန်၊လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

CamScanner